# မိတ်ဆက်နိဒါန်း

ကျွန်တော်၏ အစောပိုင်းစာအုပ်များကို ဖတ်ရှုထားသူများက ဤစာအုပ်၏ မတူကွဲပြားမှုကို သတိပြုမိကြပါလိမ့်မည်။ ဤစာအုပ်သည် ကျွန်တော်၏ ခရီးသွားစွန့်စားမှုများနှင့်လည်း မပတ်သက်ပါ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထူးခြားသော အတွေးအခေါ်တို့နှင့်လည်း မသက်ဆိုင်ပါ။ ကျွန်တော်၏ ဘဝ အတွေ့အကြုံများမှ ရရှိလာခဲ့သော သင်ခန်းစာများအကြောင်းသာ ဖြစ်ပါသည်။ သက်ငယ်၊ သက်ကြီး ရင်းနှီးမြှုပ်နှံသူတို့ အတွက် ပိုမိုအကျိုးပြုမည်ဟု ထင်ပါသည်။ ၂၀၀၃ ခုနှစ်တွင် မွေးဖွားခဲ့သော သမီးဦး ဟက်ပီးနှင့် ၂၀၀၈ ခုနှစ်တွင် မွေးဖွားလာသော သမီးငယ် ဘီးတို့က ဤစာအုပ်ကို ရေးသားပြုစုဖို့ တွန်းအားပေးခဲ့ကြသည်ဟူ၍ ဆိုရပါမည်။

ကျွန်တော် ဝန်ခံရပါဦးမည်။ အလွန်မကြာသေးမီကပင် ကျွန်တော်သည် သားသမီးမွေးဖွားခြင်းကို ပြက်ရယ်ပြုနေခဲ့မိပါသည်။ ကျွန်တော်သည် အယ်လ်ဘားမားတွင် မွေးဖွားကြီးပြင်းခဲ့ရပါသည်။ ညီအစ်ကိုငါးယောက်တွင် အကြီးဆုံးသား ဖြစ်ပါသည်။ ကျွန်တော်သည် ညီငယ်များကို လွန်စွာချစ်မြတ်နိုးခဲ့ပါသည်။ သူတို့ကို အချိန်များစွာပေးပြီး စောင့်ရှောက်ခဲ့ပါသည်။ သားငါးဦးအတွက် မိဘနှစ်ပါး ကြိုးစားရှာဖွေကြရသော ငွေကြေးဝန်ထုပ်ဝန်ပိုးကိုလည်း သတိပြုခဲ့မိပါသည်။ ကူညီခြင်းကား မပြုနိုင်ခဲ့ပါ။ နောက်ပိုင်းတွင်ကား ခရီးသွားခြင်း၊ တာဝန်ယူခြင်းတို့ဖြင့် အလုပ်များလွန်းနေခဲ့ရသဖြင့် မိဘဘဝကို မတွေးခဲ့မိတော့ပါ။ မိမိ၏ဆန္ဒများကို ဖြည့်ဆည်းရန်အတွက် အချိန်၊ အင်အား၊ ငွေကြေးတို့ကို အတောမသတ်နိုင်အောင် သုံးစွဲနေခဲ့ရသည်ဟု ဆိုနိုင်ပါမည်။ ပွင့်လင်းစွာ ဝန်ခံရပါလျှင် ကျွန်တော်သည် သားသမီးများကို မွေးမြူနေရသော မိဘများအတွက်ပင် မကြာခဏ သောကဖြစ်နေမိတတ်ပါသေးသည်။ သူတို့အနေဖြင့် အခြားအရာများအတွက် အချိန်နှင့်ငွေကို မည်သို့သုံးစွဲနိုင်ကြရှာမည်နည်းဟူ၍ ဖြစ်ပါသည်။ ကျွန်တော်သည်ကား သူတို့ကဲ့သို့ မိုက်မဲစွာ မည်သည့်အခါမှ မလုပ်နိုင်ပါဟူ၍လည်း စဉ်းစားခဲ့မိပါသည်။ ကျွန်တော် မည်မျှလောက် မှားခဲ့မိပါသနည်း။

ရင်းနှီးမြှုပ်နှံမှုနှင့် အခြားအရာများစွာကဲ့သို့ပင် မိဘ ဘဝတွင်လည်း အချိန်အခါသည် အရေးကြီးပါသည်။ အကယ်၍ ကျွန်တော်သည် အသက် ၂၀၊ ၃၀၊ ၄၀၊ ၅၀ အရွယ်တို့တွင် မိုက်မဲသောဖခင်တစ်ယောက်သာ ဖြစ်နေခဲ့ပါက ကျွန်တော်၊ ဇနီး၊ အထူးသဖြင့် သမီးများအားလုံး ဒုက္ခရောက်နေကြရပါလိမ့်မည်။ ယခုအခါတွင်ကား ကျွန်တော့်မှာ ကျွန်တော်၏ဆန္ဒသစ်ကို ဖြည့်ဆည်းရန် အတွေ့အကြုံ၊ အချိန်နှင့်စွမ်းအားများ ကြွယ်ဝနေပါပြီ။

ကျွန်တော် ငယ်စဉ်က ဖေဖေသည် ကျွန်တော့်ကို သူ့အနီးသို့ ခေါ်ယူပြီး ဘဝသင်ခန်းစာများကို မကြာခဏမျှဝေပေးပါသည်။ 'စာရိတ္တ' ဟူ၍ အများက ညွှန်းဆိုသောအရာကို ပြုစုပျိုးထောင်ပေးဖို့ ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဖေဖေ၏အကြံဉာဏ်တို့ကား ရိုးရှင်းပါသည်။ အလုပ်ကြိုးစားဖို့၊ ကိုယ်တိုင်စဉ်းစားဆင်ခြင်ဖို့၊ အများနှင့် မှန်ကန်စွာ တွဲဖက်လုပ်ကိုင်တတ်ဖို့ဟူ၍ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်အနေဖြင့်မူ ဘဝအတွက် အခြေခံအုတ်မြစ်သဖွယ် ထောက်ကူပေးနေခဲ့ကြသော အဆုံးအမများဟူ၍ ယုံကြည်ထားပါသည်။ ယခုအခါတွင် ကျွန်တော်သည် ဖခင်တစ်ယောက်ဖြစ်နေပါပြီ။ ဖေဖေ၏အကြံပေးချက်များကို ကျွန်တော်၏ ဘဝအတွေ့အကြုံ ဥပမာများနှင့်အတူ စုစည်းထုတ်ဖော်ချင်လာပါသည်။ ကျွန်တော်၏ သမီးငယ်များနှင့် ဘဝနယ်ပယ်အသီးသီးတွင် အောင်မြင်လိုကြသူတို့အတွက် ရင်းနှီးမြှုပ်နှံမှု၊ စွန့်စားမှု၊ ဘဝရေးရာလမ်းညွှန်ချက်တစ်ရပ်အနေဖြင့် ကူညီပေးခြင်းဖြစ်ပါသည်။ မိဘများနှင့် သားသမီးများ အပြန်အလှန် အားပေးနိုင်ကြစေဖို့ မျှော်လင့်ပါသည်။ ကျွန်တော် လေ့လာခဲ့ရသော သင်ခန်းစာများကို လူငယ်၊ လူကြီး နှစ်ရပ်လုံးက အသုံးချနိုင်ကြစေဖို့လည်း ရည်ရွယ်ပါသည်။ ဥပမာအနေဖြင့် အရာရာတိုင်းကို မေးမြန်းစုံစမ်းပါ၊ လူအုပ်ကြီးနောက်သို့ မည်သည့်အခါမှ မလိုက်ပါနှင့်၊ လူငယ်များကို သတိထား စောင့်ရှောက်ပါဟူသော အကြံပေးချက်များ ဖြစ်ပါသည်။

❑